# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

July 26 , 2023 | Volume 68, Number 17

၂၆.၇.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၆၃ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၃၂၅.၈ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၈၂.၅ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၇၁၁.၆ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၂၀.၁ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၃.၆၀ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၆၀၉ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၆၄.၇၃ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၆၁.၅၉ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၁.၂၉၆ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

## ဒုတိယဝန်ကြီးချုပ်နှင့်ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်နှင့် ညီနောင်အသင်းအဖွဲ့များ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂ ရက်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ညီနောင်အသင်းများတွေ့ဆုံပွဲတွင် ကဏ္ဍအသီးသီးရှိ ပုဂ္ဂလိကအသင်းအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းရှင်များမှ တင်ပြချက်များအပေါ် ဆက်လက်အကောင်အထည်ဖော်ပြီးစီးမှု၊ ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်နှင့် စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးအား ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်နေ့၊ (၁၄:၀၀) နာရီ၊ နေ့လည်ပိုင်းက စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ (၂) ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အစည်းအဝေးသို့ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှု

လုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌနှင့် ညီနောင်အသင်းအဖွဲ့(၁၈)ခုမှ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အထွေထွေအတွင်းရေးမှူး (၃၈) ဦးနှင့် ဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိသူများ တက်ရောက်ကြပါသည်။

ဦးစွာ ဒုတိယဝန်ကြီးချုပ်နှင့်ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ယခုအစည်းအဝေးသည် ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်မှ ညီနောင်အသင်းအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တွေ့ဆုံပွဲ၌ လုပ်ငန်းရှင်များမှ တင်ပြဆွေးနွေးချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ယခုကဲ့သို့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပရခြင်းဖြစ်ပါကြောင်း၊ နိုင်ငံတော်၏စီးပွားရေး ပြန်လည်မြှင့်တင်နိုင်ရေး ဘက်ပေါင်းစုံမှနေ၍ အစိုးရနှင့်ပုဂ္ဂလိက လက်တွဲကြိုးပမ်းဆောင်ရွက်ရာတွင် ဆက်လက်ဆောင်ရွက်ရန် ကိစ္စများအပေါ် ပွင့်ပွင့်လင်းလင်း ညှိနှိုင်းဆွေးနွေးရန်ဖြစ်ပါကြောင်း၊ လက်တွေ့ထိရောက်သည့် နည်းလမ်းများဖြင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်ခြင်းဖြင့် ကုန်ထုတ်လုပ်မှုများကို ပိုမိုဆောင်ရွက်နိုင်ပြီး ထွက်ရှိလာသည့် ကုန်ကြမ်းပစ္စည်းများအပေါ်မူတည်၍ ပြည်တွင်းစားသုံးမှုနှင့် ပြည်ပပို့ကုန်များ တိုးတက်ရရှိလာမည်ဖြစ်ပါက လယ်ယာကဏ္ဍကြီး၊ စက်မှုကဏ္ဍကြီးနှင့်ဝန်ဆောင်မှုကဏ္ဍကြီးများ တိုးတက်လာမည်ဖြစ်ပါကြောင်း၊ ဆီထွက်သီးနှံများဖြစ်သည့် မြေပဲနှင့် နှမ်းများကို ပိုမိုစိုက်ပျိုးထုတ်လုပ်ပြီး ပြည်တွင်း၌ ဆီထုတ်လုပ်ခြင်းလုပ်ငန်းများ၌ အသုံးပြုဆောင်ရွက်မည်ဆိုပါက ဆီစက်များလည်ပတ်ရခြင်း၊ တိရစ္ဆာန်အစာအတွက် လိုအပ်သည့် နှမ်းဖတ်၊ ပဲဖတ်များရရှိခြင်း၊ အလုပ်အကိုင်များရရှိခြင်းများ ဖြစ်ပေါ်ပြီး ပြည်တွင်းဆီဖူလုံမှုများကို များစွာအထောက်အကူပြုစေမည်ဖြစ်ပါကြောင်း၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် ကဏ္ဍအလိုက်ဆောင်ရွက်ရာတွင် နိုင်ငံတော်၏ ဦးတည်ချက် (၁၂) ချက်တွင် ပါရှိသည့်အချက်များကို အလေးထား ဆောင်ရွက်ရန်လိုပါကြောင်း၊ နိုင်ငံ့စီးပွားမြှင့်တင်ရန်အတွက် အားပေးဆောင်ရွက်ရန်လိုအပ်သဖြင့် ပေါင်းစပ်ညှိနှိုင်း ကြရမည် ဖြစ်ကြောင်းနှင့် ပို့ကုန်မြှင့်တင်ရေးအတွက် ပေါင်းစပ်ဆောင်ရွက်ရန်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ဆက်လက်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌနှင့် အသင်းအဖွဲ့အသီးသီးမှ တာဝန်ရှိသူများက ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂ ရက်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်၌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ပုဂ္ဂလိကစီးပွားရေးအသင်းအဖွဲ့များ တွေ့ဆုံပွဲတွင် ပုဂ္ဂလိကကဏ္ဍမှ တင်ပြချက်များအပေါ် အသေးစိတ်ထပ်မံတင်ပြခြင်းနှင့် ထပ်မံဖြည့်စွက်တင်ပြလိုသည်များကို လည်းကောင်း၊ စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်မှုနှင့်ပတ်သက်၍ ကြုံတွေ့နေရသည့် အခြေအနေများကိုလည်းကောင်း တင်ပြခဲ့ရာ ကဏ္ဍအလိုက် ပြည်ထောင်စုဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးပါသည်။ ထို့နောက်ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးအား ရုပ်သိမ်းခဲ့သည်။

**Source:** https://www.commerce.gov.mm/my/article/%E1%80%94%E1%80%B1%E1%80%AC%E1%%

## ဘုရင့်နောင်ကုန်စည်ဒိုင်၏ (၁၇-၇-၂၀၂၃ မှ ၂၁-၇-၂၀၂၃) အတွင်း ကုန်စည်ဈေးနှုန်းများ

**မတ်ပဲနှင့်ပဲစင်းငုံ**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ပဲများ၏ (တစ်တန်) ဈေးနှုန်းများမှာ မတ်ပဲ FAQ/RC (2023 Crop) ကျပ် ၂၂၅၅၀၀၀ မတ်ပဲ SQ/RC (2023 Crop) ကျပ် ၂၄၇၀၀၀၀ နှင့် ပဲစင်းငုံ Red/RC (2023 Crop) ကျပ် ၃၀၈၀၀၀၀ ဈေးဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း မတ်ပဲ FAQ/ RC(2023 Crop) ကျပ် ၁၀၀၀၀ နှင့် မတ်ပဲ SQ/RC (2023 Crop) ကျပ် ၅၀၀၀ နှင့် ပဲစင်းငုံ Red/RC (2023 Crop) ကျပ် ၁၀၅၀၀၀ ဈေးကျဆင်းခဲ့သည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ မတ်ပဲFAQ/RC (2023 Crop) ကွန်တိန်နာ ၃၀ လုံး ( တန်ချိန် ၇၂၀) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် မတ်ပဲFAQ/RC (2023 Crop) ကွန်တိန်နာ ၄၅ လုံး ( တန်ချိန် ၁၀၈၀) နှင့် မတ်ပဲ SQ/RC( 2023 Crop) ကွန်တိန်နာ ၅လုံး ( တန်ချိန် ၁၂၀)ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် မတ်ပဲFAQ/RC (2023 Crop) ကွန်တိန်နာ ၁၅ လုံး ( တန်ချိန် ၃၆၀ ) နှင့် မတ်ပဲ SQ/RC(2023 Crop) ကွန်တိန်နာ ၅လုံး (တန်ချိန် ၁၂၀) စုစုပေါင်း ကွန်တိန်နာ ၂၀လုံး (တန်ချိန် ၄၈၀) ပိုမိုဝင်ရောက်ခဲ့ကြောင်းသိရသည်။

**ငရုတ်**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သော ငရုတ်သီး (တစ်ပိဿာ) ဈေးနှုန်းများမှာ ပန်းရဲငရုတ်(သစ်) AC ကျပ် ၁၂၀၀၀၊ မြှားနီ ကျပ် ၁၂၀၀၀၊ အိမ်မဲ ကျပ် ၁၁၀၀၀၊ ဆင်ဖြူကျွန်း (ပု) ကျပ် ၁၆၀၀၀ နှင့် မြစ်ဝ(ပု)သစ် ကျပ် ၁၆၀၀၀ ဈေး အသီးသီးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ငရုတ်သီးဈေးများ ငြိမ်လျက်ရှိသည်။

ကုန်စည်ဒိုင်သို့ ငရုတ်ရှည် အိတ်ပေါင်း ၃၁၀၀ ( ၆၂၀၀၀ ပိဿာ ) နှင့် ငရုတ်ပု အိတ်ပေါင်း ၆၀၀( ၉၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ငရုတ်ရှည် အိတ်ပေါင်း ၂၂၀၀ ( ၄၄၀၀၀ ပိဿာ) နှင့် ငရုတ်ပု အိတ်ပေါင်း ၃၅၀( ၅၂၅၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ငရုတ်ရှည် အိတ်ပေါင်း ၉၀၀ ( ၁၈၀၀၀ ပိဿာ) နှင့် ငရုတ်ပု အိတ်ပေါင်း ၂၅၀( ၃၇၅၀ ပိဿာ)လျော့နည်းဝင်ရောက်ခဲ့ကြောင်းသိရသည်။

**မန်ကျည်း**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် မန်ကျည်းသီး (တစ်ပိဿာ) ဈေးနှုန်းများမှာ မန်ကျည်းသီး ပွင့်ကပ် (သစ်) ကျပ် ၁၃၀၀ ၊ မန်ကျည်းအသား (သစ်) ကျပ် ၂၄၀၀ ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မန်ကျည်းသီး အသား (သစ်) ကျပ် ၁၀၀ ဈေးကျဆင်းခဲ့ကြောင်းသိရသည်။


**ထန်းလျက်၊ ကြံသကာနှင့်သကြား**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင်ဖြစ်ပေါ်ခဲ့သော ထန်းလျက်၊ ကြံသကာနှင့်သကြား(တစ်ပိဿာ)ဈေးနှုန်းများမှာ တောင်သာ မလိုင် (ဒိုး) ကျပ် ၃၃၀၀၊ ညောင်ဦးဆေးရှယ်(ထန်း) ကျပ် ၃၄၅၀၊ ပခုက္ကူ ကြမ်း ကျပ် ၃၃၀၀၊ ရေစကြိုထန်းလျက် (ချော)ကျပ် ၃၄၀၀၊ ကြံသကာ(စစ်)ကျပ် ၂၄၅၀ နှင့် သကြား(ပြည်တွင်း)ကျပ် ၃၂၇၀ ဈေးအသီးသီးဖြစ်ခဲ့သည်။ တစ်ပတ် အတွင်း တောင်သာမလိုင်(ဒိုး) ကျပ် ၅၀ ဆေးကျဆင်းခဲ့ပြီး ညောင်ဦးဆေးရှယ်(ထန်း) ကျပ် ၅၀၊ ရေစကြိုထန်းလျက် (ချော)ကျပ် ၂၀၀ နှင့် သကြား (ပြည်တွင်း) ကျပ် ၁၀ ဈေးမြင့်တက်ခဲ့သည်။ ကျန်အမျိုးအစားများ ဈေးငြိမ်လျက်ရှိကြောင်း သိရသည်။

Source: Domestic (Ygn) MITC

## အာရှဆန်ဈေး ဆက်လက်မြင့်တက်မည်

ထိပ်တန်းဆန်တင်ပို့သူ အိန္ဒိယက ဆန်အမြောက်အမြားတင်ပို့မှုကို ပိတ်ပင်လိုက်ပြီးနောက် ဆန်ဈေးတက်လာသည်။ ကမ္ဘာ့စားနပ်ရိက္ခာဈေးကွက်များသည် ဆိုးဝါးသောရာသီဥတုနှင့်ယူကရိန်းစစ်ပွဲတို့ကြောင့် ထိခိုက်နေစဉ် ဘူးလေးရာဖရုံဆင့် သွားသည်။




"ရေတိုမှာ ဈေးနှုန်းက ကျိန်းသေပေါက် တက်လာမယ်၊ ဘယ်လောက်မြင့်မလဲဆိုတာသာ မသိရသေးတာ" ဟု ထိုင်းဆန်တင်ပို့သူများ အသင်း၏ ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ Chookiat Ophaswongse က ပြောကြားသည်။ "ဈေးက တရိပ်ရိပ်တက်တော့မှာ၊ ဖြည်းဖြည်းချင်း တက်သွားတာမျိုးမဟုတ်ဘူး" ဟု ၎င်းကပြောကြားသည်။ အာရှတွင် ဆန်တင်ပို့သည့် အဓိက နိုင်ငံတစ်ခုဖြစ်သော ဗီယက်နမ်သည် ၅% ဆန်ကွဲပါ ဆန်ဖြူ တစ်တန်လျှင် $600 ဈေးခေါ်နေပြီဟု Mr Chookiat က ပြောကြားသည်။

ထိုင်းဆန်ဈေးနှုန်းကို ၂၀၁၂ နောက်ပိုင်း အမြင့်ဆုံးဈေးနှုန်းသို့ ခုန်တက်စေလိမ့်မည်။ ယခုအခါ ခေါ်ဈေး တစ်တန် $534 သို့ ရောက်ရှိနေသည်။ ၂ နှစ်တာတွင် အမြင့်ဆုံးဈေးနှုန်းဖြစ်သည်။ ယခုလတွင် ဆန်၊ ဂျုံ၊ ပြောင်း ဈေးတက်ကုန်သည်။

စားနပ်ရိက္ခာ ဖူလုံရေးအတွက် အိန္ဒိယဆန်ကို ဝယ်ယူတင်သွင်းလိုပါက အစိုးရက အိန္ဒိယအစိုးရထံ ပန်ကြားပါက ရောင်းချပေးမည် ဖြစ်သည်။ ဘာစမာတီ မဟုတ်သော ပေါင်းဆန်နှင့် ဘာစမာတီဆန်တို့ကို တင်ပို့ခွင့်ပေးထားသည်။ အိန္ဒိယ၏ ဆန်တင်ပို့မှုတွင် ၃၀%-၄၀% အထိ လျော့ကျလိမ့်မည်။

ဆန်တင်သွင်းရသည့် တရုတ်၊ မလေးရှား၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှားနှင့်အာဖရိကနိုင်ငံများ ထိခိုက်ကြမည်။ ပိတ်ပင်ထားသည့်ကာလ ကြာမြင့်သည်နှင့်အမျှ သက်ရောက်သည့်အတိုင်းအတာ ပိုကြီးမားမည်။

**Source: Bloomberg News**

https://www.foodindustrydirectory.com.mm/food-industry/cuisine/thinland/item/6565-asia-rice.html

## ပြည်ပ အဝယ်နည်းလာသောကြောင့် ကွမ်းသီးဈေးကွက်အေးနေ




ပြည်ပ အဝယ်နည်းလာ၍ ကွမ်းသီးဈေးကွက် အေးလာကြောင်း ကွမ်းသီးအရောင်းအဝယ် လုပ်ကိုင်နေသူများထံမှ သိရသည်။ ထိုကဲ့သို့ အရောင်းဝယ်အေးနေခြင်းနှင့် လက်ရှိဈေးကွက်တွင် ကွမ်းသီးအသစ်တွေ ဝင်ရောက်နေခြင်းကြောင့် ဈေးအနည်းငယ်ကျနေကြောင်း သိရသည်။

"လက်ရှိ ကွမ်းသီး အရောင်းဝယ်ကတော့ အေးနေတယ်။ တစ်လရှိပြီ ဘိတ်က ဝယ်ရောင်းတာ တစ်ပိဿာကို ၄၈၀၀ နဲ့ ဝယ်ခဲ့ရတယ်။ ကျနော်ဆီဘက်တော့ မရောင်းရဘူး ကျန်တဲ့နေရာတွေကတော့ မသိဘူး" ဟု ကွမ်းနှင့်ကွမ်းပစ္စည်း ရောင်းဝယ်ရေး အရောင်းဆိုင်မှ ပိုင်ရှင်တစ်ဦးကပြောသည်။

ယခင်နှစ်များက ကွမ်းသီး(၁)ပိဿာလျှင် ငွေကျပ်(၆၀၀၀)မှ အထက် အထိ ဈေးရရှိခဲ့သော်လည်း ယခုနှစ် ကွမ်းသီးအခြောက်အလုံးဈေးနှုန်းမှာ (၁)ပိဿာလျှင် ငွေကျပ် ၄၅၀၀ မှ ၅၅၀၀ဈေးသာ ရရှိနေကြောင်းကွမ်းရောင်းသူများထံမှ သိရသည်။

မြန်မာနိုင်ငံအတွင်းမှ ထွက်ရှိသော ကွမ်းသီးခြောက်ဈေးကွက်သည် အိန္ဒိယနိုင်ငံနှင့် တရုတ်ထံသို့ အမှီပြုရောင်းချလျက်ရှိပြီး လက်ရှိ သယ်ယူပို့ဆောင်ရေး အခက်ခဲ့များအပြင် တခြား အခက်ခဲများကြောင့် ပုံမှန်ထပ် ၅၀ ရာခိုင်နှုန်းအထိ ကျဆင်းသွားကြောင်းသိရသည်။ နယ်စပ်ဒေသများတွင် ကွမ်းသီးအရောင်းအဝယ်မရှိသောကြောင့် ပြည်တွင်းမှာ အကျဘက်သို့ ဦးတည်လာ ခြင်းဖြစ်ကြောင်းလည်း ကွမ်းစိုက်တောင်သူများကဆိုသည်။

အရောင်းဝယ်ကတော့အေးတယ်။ဒါပေမဲ့ ပစ္စည်းကောင်း ပစ္စည်းသန့်တဲ့သူတွေတော့ သူဟာနဲ့သူတော့ ရောင်းရပါတယ်။ ပုံမှန်ထက်တော့ အရောင်းဝယ်ပါးတာပေါ့နော်၊ ဒီကာလကနှစ်စဉ် အရောင်း အရောင်းဝယ်အေးတဲ့ ကာလတော့ မဟုတ်ဘူး။ အခုက နိုင်ငံခြားမဝယ်လို့ပေါ့၊ ပြည်ပကို တင်ပို့မှုတော့ရှိတယ်။ အရင်နှစ်လောက်တော့ မများတာပေါ့၊ တရုတ်ကတော့ တော်တော်ကျသွားတယ် သုံးချိုးမှ တစ်ချိုးပဲအဝယ်ရှိတယ်ဟု မန္တလေးမြို့မှ အောင်ဘိတ် ကွမ်းသီးပွဲရုံမှ တာဝန်ရှိတစ်ဦးက ပြောသည်။

ဝယ်လိုအားထက် ရောင်းလိုအား တစ်နေ့တခြား အရောင်းဆိုင်များ ပိုပိုတိုးလာကြောင်းနှင့် ယခင်နှစ် ကွမ်းသီးအဟောင်းများ ဈေးကွက်တွင် မကုန်သေးသော်လည်း ရာသီသစ်စတော့မည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတောင်ငူဘက်နှင့် ဧရာဝတီတိုင်းဒေသကြီးနှင့် ရေးတို့တွင် ကွမ်းသီးအသစ်တွေလည်း စတင်ဝင်ရောက်နေပြီး ဖြစ်ပြီးနောက်လများတွင် ကလော၊ ထားဝယ်၊နှင့် တနင်္သာရီတိုင်းဘက်တွင် စတင်ဝင်ရောက်တော့မည် ဖြစ်ကြောင်းလည်း သိရသည်။ ကွမ်းသီးအသစ်များ ဈေးကွက်သို့ လှိုင်လှိုင်ထွက်ရှိပါက ဈေးနှုန်းထပ်မံကျဆင်းနိုင်ကြောင်း ကွမ်းသီးရောင်းဝယ်သူများက ခန့်မှန်းထားသည်။

လက်ရှိ ပြည်တွင်း နိုင်ငံရေးအခြေအနေများကြောင့် ကျေးရွာအချို့ရှိ ဒေသခံတောင်သူများ မိမိတို့ပိုင်ခြံများသို့ သွားရောက်နိုင်ခြင်းမရှိကြောင်းလည်း တောင်သူအချို့ထံမှ သိရသည်။

ပြည်တွင်း၌ ကွမ်းသီးကို တနင်္သာရီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေကြီး၊ ထားဝယ်၊ ကော့သောင်းစသည့်မြို့နယ်များတွင် ကွမ်းသီးစိုက်ပျိုးသူများပြားပြီး တနင်္သာရီ၊ မြိတ်၊ သရက်ချောင်းမြို့နယ်တို့၌ ကွမ်းသီးအထွက်နှုန်းကောင်းကြောင်း သိရသည်။

**Source: AMIA**

https://t.me/htwettoe

## မန္တလေးကုန်စည်ဒိုင် ပြောင်းဖူးစေ့ ဈေးနှုန်းဈေးကွက် အခြေအနေ

ဇူလိုင်တတိယပတ်အတွင်း မန္တလေးကုန်စည်ဒိုင်သို့ ရှမ်းပြည်နယ်ဘက်မှ ပြောင်းဖူးစေ့များ ဝင်ရောက်လျက်ရှိကြောင်း၊ ပြည်တွင်းတိရစ္ဆာန် အစာတောင့်စက်ရုံများမှ အနည်းငယ်ဝယ်ယူမှုရှိနေပြီး၊ ပြည်ပဈေးကွက်တင်ပို့မှုအေး၍ ယခင်လထက် ပြောင်းဈေးအေးနေကြောင်း မန္တလေးကုန်စည်ဒိုင်ဈေးကွက်မှ သိရသည်။

ရှမ်းပြောင်းဖူးစေ့ ၁၄ ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ် ကျပ် ၅၇၅၀၀ မှ ၅၇၀၀၀၊ ယခင်တစ်ပတ် ကျပ် ၅၇၀၀၀ မှ ၅၆၀၀၀၊ ယခင်လ ကျပ် ၆၁၅၀၀ မှ ၆၁၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက် ကျပ် ၅၀၀ မှ ၁၀၀၀ မြင့်တက်လာပြီး ၊ ယခင်လထက် ကျပ် ၄၀၀၀ နိမ့်ကျလာသည်။

စီပီပြောင်း ၁၄ ပိဿာဝင်သုံးတင်း တစ်အိတ်ဈေးနှုန်းမှာ ယခုတစ်ပတ် ကျပ် ၅၇၅၀၀ မှ ၅၇၀၀၀၊ ယခင်တစ်ပတ် ကျပ် ၅၇၀၀၀ မှ ၅၆၀၀၀၊ ယခင်လ ကျပ် ၆၁၅၀၀ မှ ၆၁၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက်ကျပ် ၅၀၀ မှ ၁၀၀၊ ယခင်လထက်ကျပ် ၄၀၀၀ နိမ့်ကျလာသည်။

ဇမာပြောင်းဖူးစေ့ ၁၄ ပိဿာဝင်သုံးတင်း တစ်အိတ်ဈေးနှုန်းမှာ ယခုတစ်ပတ် ကျပ် ၅၇၀၀၀၊ ယခင်တစ်ပတ် ကျပ် ၅၅၀၀၀ မှ ၅၆၀၀၀၊ ယခင်လ ကျပ် ၆၀၀၀၀ မှ ၅၉၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက်ကျပ် ၁၀၀၀ မှ ၂၀၀၀ မြင့် တက်နေပြီး ၊ ယခင်လထက် ကျပ် ၂၀၀၀ မှ ၃၀၀၀ နိမ့်ကျလာသည်။

**Source:** မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး

## ရပ်ဝန်းနှင့်ပိုးလမ်းမစီမံကိန်းသည် (၁၀) နှစ်တာကာလအတွင်း တရုတ်နှင့်ဘရူနိုင်းနိုင်ငံတို့အကြား ကုန်သွယ်မှုကို မြင့်တက်စေခဲ့

ပုစွန်၊ ဖရဲသီးနှင့် ရေထွက်ကုန်များ တင်ဆောင်ထားသည့် ကွန်တိန်နာသင်္ဘောတစ်စီးသည် ဘရူနိုင်းနိုင်ငံ Muara ဆိပ်ကမ်းမှ ထွက်ခွာလာပြီး တရုတ်နိုင်ငံတောင်ပိုင်း ကွမ်ရှီးကျွမ့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ Qinzhou ဆိပ်ကမ်းသို့ ဦးတည်ထွက်ခွာလာခဲ့ကြောင်း၊ ထို့နောက် အဆိုပါပစ္စည်းများကို တရုတ်နိုင်ငံ အနောက်တောင်ပိုင်းသို့ ရထားဖြင့်ပို့ဆောင် ရောင်းချမည်ဖြစ်ကြောင်း ရှင်းဟွာသတင်း၌ ဖော်ပြထားပါသည်။

Muara ဆိပ်ကမ်းသည် ဘရူနိုင်းနိုင်ငံ၏ အကြီးဆုံးဆိပ်ကမ်းဖြစ်ပြီး တရုတ်နိုင်ငံ၊ ဘေဘူပင်လယ်ကွေ့ရှိ Qinzhou ဆိပ်ကမ်းသည် တရုတ်နှင့်အာဆီယံနိုင်ငံများအကြား ကုန်သွယ်ရေးနှင့်စီးပွားရေးဖလှယ်မှုအတွက် အချက်အချာကျသည့် ဆိပ်ကမ်းဖြစ်ကြောင်း သိရှိရပါသည်။

ယခင်က ဆိပ်ကမ်းနှစ်ခုကြား ကုန်ပစ္စည်းများကို တတိယဆိပ်ကမ်းမှတစ်ဆင့် လွှဲပြောင်းသယ်ဆောင်ရပြီး အချိန်နှစ်ပတ်မှ သုံးပတ် သို့မဟုတ် ထိုထက်ပို၍ကြာနိုင်ပါကြောင်း၊ ယခုအခါ တိုက်ရိုက်ကွန်တိန်နာသင်္ဘောလမ်းကြောင်းကြောင့် သယ်ယူပို့ဆောင်ချိန် တစ်ပတ်မျှသာကြာမြင့်သဖြင့် ကုန်ကျစရိတ်များကို (၃၀) ရာခိုင်နှုန်း လျှော့ချနိုင်ခဲ့ကြောင်း Guangxi Beibu Gulf International Port Group Co., Ltd မှ ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

တရုတ်နှင့်ဘရူနိုင်းတို့သည် ရှေးယခင်ကပင် ကူးလူးဆက်ဆံမှုများရှိခဲ့ပြီး ရှေးခေတ် ရေကြောင်းပိုးလမ်းမကြီး သည် နှစ်နိုင်ငံစလုံးအတွက် အဓိကကုန်သွယ်မှု လမ်းကြောင်းဖြစ်ကြောင်း၊ ၂၀၁၃ ခုနှစ်တွင် တရုတ်နိုင်ငံသည် ရပ်ဝန်းနှင့်ပိုးလမ်းမစီမံကိန်း (Belt and Road Initiative) ကို အကောင်အထည်ဖော်ခဲ့ပြီး ကမ္ဘာလုံးဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုအတွက် မောင်းနှင်အားသစ်များ ဖြစ်ပေါ်စေခဲ့ကြောင်းနှင့် တရုတ်နှင့် ဘရူနိုင်းတို့ကြား စီးပွားရေးနှင့် ကုန်သွယ်ရေး ဖလှယ်မှုများတွင် တွန်းအားအသစ်များ ဖြစ်စေခဲ့ကြောင်း သိရှိရပါသည်။

Guangxi Beibu Gulf International Port Group Co., Ltd. နှင့် Brunei's Darussalam Assets တို့သည် ၂၀၁၇ ခုနှစ်တွင် ဖက်စပ်လုပ်ငန်းတစ်ခုကို တည်ထောင်၍ စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု ယွမ် (၁.၀၃) ဘီလီယံ (အမေရိကန်ဒေါ်လာ ၁၄၄ သန်းခန့်) ရှိသည့် Muara ဆိပ်ကမ်း container terminal နှင့် bulk cargo terminal ကို တည်ဆောက်ခဲ့ကြောင်း သိရှိရပါသည်။

Muara ဆိပ်ကမ်းသည် ၂၀၂၂ ခုနှစ်တွင် ကုန်တန်ချိန် (၁.၅၅) သန်းကျော် ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ယခင်နှစ်ထက် (၂၀.၀၃) ရာခိုင်နှုန်း တိုးလာ၍ ၎င်း၏ လုပ်ငန်းလည်ပတ်မှု ဝင်ငွေသည် ၂၀၁၇ ခုနှစ်ထက် နှစ်ဆတိုးလာခဲ့ကြောင်း၊ ဆိပ်ကမ်းရှိ

ဒေသခံဝန်ထမ်းများ အရေအတွက်သည် ၂၀၁၇ ခုနှစ်တွင် (၁၂၀) ဦးသာရှိခဲ့ရာမှ လက်ရှိတွင် (၂၆၀) ဦးသို့ တိုးလာခဲ့ပြီး လုပ်သားအင်အား ၏ (၉၆) ရာခိုင်နှုန်းကျော်မှာ ဒေသခံများဖြစ်ကြောင်း သိရှိရပါသည်။

Muara ဆိပ်ကမ်းနှင့် အနီးတစ်ဝိုက်ရှိ ဆိပ်ကမ်းများအကြားပြေးဆွဲသည့် သင်္ဘောလိုင်း အရေအတွက်သည် (၆) ခုမှ (၁၀) ခုအထိ တိုးလာကာ ပို့ကုန်သွင်းကုန်လုပ်ငန်းသည် ပိုမိုထိရောက် အဆင်ပြေလာပြီး နိုင်ငံတကာထောက်ပံ့ပို့ဆောင်ရေးကို အရှိန်အဟုန်မြှင့်တင်ပေးလျက်ရှိကြောင်း သိရှိရပါသည်။

၂၀၂၂ ခုနှစ်တွင် တရုတ်နှင့်ဘရူနိုင်းနှစ်နိုင်ငံအကြား ကုန်သွယ်မှုပမာဏသည် အမေရိကန်ဒေါ်လာ (၃.၀၈) ဘီလီယံသို့ စံချိန်တင်မြင့်တက်ခဲ့ကြောင်း တရုတ်အကောက်ခွန်အာဏာပိုင်များက ထုတ်ပြန်သည့် အချက်အလက်များအရ သိရှိရပါသည်။ အခြေခံအဆောက်အဦများအပြင် အခြားကဏ္ဍများစွာတွင်လည်း ရင်းနှီးမြှုပ်နှံမှုများ တိုးလာလျက်ရှိပြီး ဘရူနိုင်းနိုင်ငံတွင် တရုတ်စီးပွားရေးလုပ်ငန်းများ ပိုမိုများပြားလာကာ ပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းလျက်ရှိကြောင်း သိရှိရပါသည်။

ထို့အပြင် Pulau Muara Besar (Great Muara Island) တွင် တည်ရှိသည့် တရုတ်နှင့်ဘရူနိုင်းတို့အကြား ဖက်စပ်လုပ်ကိုင်သည့် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု စီမံကိန်းသည် ဘရူနိုင်းတွင် အကြီးဆုံးဖြစ်ကြောင်း၊ တရုတ်နိုင်ငံ၏ Hengyi Petrochemical Co., Ltd. မှ ရင်းနှီးမြှုပ်နှံထားသည့် ရေနံချက်စက်ရုံနှင့် ရေနံဓာတုဗေဒလုပ်ငန်းစီမံကိန်းသည် ဘရူနိုင်း၏ ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းကွင်းဆက်ကို တိုးချဲ့ကာ ဒီဇယ်နှင့်ဓာတ်ဆီကဲ့သို့သော သန့်စင်ပြီးထုတ်ကုန်များ၊ benzene ကဲ့သို့သော ဓာတုပစ္စည်းများကို ထုတ်လုပ်လျက်ရှိကြောင်း၊ စီမံကိန်း၏ ပထမအဆင့်တွင် နှစ်စဉ် ရေနံစိမ်းတန်ချိန် (၈) သန်းကို ချက်လုပ်ပေးနိုင်ကြောင်း သိရှိရပါသည်။

ဘရူနိုင်းနိုင်ငံ၏ သဘာဝအရင်းအမြစ်များကြွယ်ဝပြီး တရုတ်နိုင်ငံသည် ကြီးမားသောဈေးကွက်နှင့် အခြေခံအဆောက်အဦး၊ စက်မှုဖွံ့ဖြိုးတိုးတက်မှုနှင့် အခြားနယ်ပယ်များတွင် အတွေ့အကြုံများရှိကြောင်း၊ ထို့ကြောင့် တရုတ်နှင့် ဘရူနိုင်းတို့၏ အချင်းချင်းပေါင်းစပ်ဖြည့်ဆည်းသည့် ပူးပေါင်းဆောင်ရွက်မှုပုံစံသည် အခြားနိုင်ငံများအတွက် နမူနာဖြစ်စေကြောင်း သိရှိရပါသည်။

**Source:** https://english.news.cn/20230721/7e60032020e749ec98ed2828592f791f/ c.html

**(စီးပွားရေးသံမှူး၊ နန်နင်းမြို့)**

https://myantrade.gov.mm/article/Naypyitawstp_250720230230

## ကြက်သွန်နီ ဈေးကွက်အခြေအနေ

ဇူလိုင်လ၏ စတုတ္ထပတ်အတွင်း စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မုံရွာပွဲရုံသို့ ကြက်သွန်နီများ နေ့စဉ် ပိဿာချိန် (၁၃၅၀၀)ခန့် ဝင်ရောက်လျက်ရှိပါသည်။ ပွဲရုံသို့ ဝင်ရောက်လာသော ကြက်သွန်နီများ ဒေသတွင်းအဆွဲများရှိခြင်း၊ ရန်ကုန်-မန္တလေးနှင့် ချင်းတွင်းအထက် မြစ်ရိုးတစ်လျှောက် တင်ပို့လျက်ရှိကြောင်းသိရသည်။

ယခုတစ်ပတ်အတွင်း မုံရွာပွဲရုံများတွင် ဝင်ရောက်လျက်ရှိသော ကြက်သွန်နီပေါက်ဈေးနှုန်းများမှာ (၁)ပိဿာ ပေါက်ဈေးနှုန်းများမှာ လက်ကား(ကြီး) (၂၂၀၀-၂၀၅၀)ကျပ်၊ (လတ်) (၂၀၀၀-၁၈၅၀) ကျပ်၊ (သေး) (၁၆၀၀-၁၄၀၀) ကျပ် ပေါက်ဈေးရှိပြီး အလုံးဆိုဒ် အစိုခြောက် အရောင်အသွေးပေါ်မူတည်၍ ဈေးနှုန်းကွာခြားမှုများရှိနေပါသည်။ ကြက်သွန်နီ လက်လီဈေးနှုန်းများမှာ(ကြီး)(၂၅၀၀-၂၃၀၀)ကျပ်၊(လတ်)(၂၂၅၀-၂၁၀၀)ကျပ်၊ (သေး) (၁၈၀၀-၁၆၀၀) ကျပ်ရှိပါသည်။ ကြက်သွန်ဖြူ လက်ကားဈေးမှာ (ဗမာ) (၈၅၀၀-၉၂၀၀)ကျပ်၊ (ရှမ်းစ) (၇၀၀၀-၈၀၀၀)ကျပ်၊ ကြူကုတ် (၇၀၀၀-၈၀၀၀) ကြက်သွန်ဖြူ လက်လီဈေးမှာ (ဗမာ) (၈၇၀၀-၁၀၀၀၀)ကျပ်၊ (ရှမ်းစ) (၇၆၀၀-၈၇၀၀)ကျပ်၊ ကြူကုတ် (၇၅၀၀-၈၆၀၀) ကျပ်ဖြင့် ပစ္စည်းအရည်အသွေးပေါ် မူတည်ပြီး အသီးသီး အရောင်းအဝယ်ဖြစ်နေကြောင်းသိရသည်။

**စစ်ကိုင်းတိုင်းဒေသကြီးဦးစီးမှူးရုံး**

https://myantrade.gov.mm

# STOCK EXCHANGE (26.7.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 26th Jul. 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 20,393 (Shares) | 34,229,800 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,300 | +100 | +1.22% | 8,300 | 8,300 | 8,300 | 67 | 556,100 | 33,109,694 | 274,811 |
| MTSH | 00002 | 2,850 | -50 | -1.72% | 2,900 | 2,900 | 2,850 | 643 | 1,838,850 | 38,929,150 | 110,948 |
| MCB | 00003 | 7,400 | -200 | -2.63% | 7,400 | 7,400 | 7,400 | 5 | 37,000 | 10,400,986 | 76,967 |
| FPB | 00004 | 1,550 | +50 | +3.33% | 1,550 | 1,550 | 1,550 | 342 | 530,100 | 29,664,613 | 45,980 |
| TMH | 00005 | 2,400 | +0 | +0.00% | 2,400 | 2,400 | 2,400 | 0 | 0 | 12,823,224 | 30,776 |
| EFR | 00006 | 2,450 | +200 | +8.89% | 2,450 | 2,450 | 2,450 | 20 | 49,000 | 19,977,223 | 48,944 |
| AMATA | 00007 | 4,900 | +0 | +0.00% | 4,900 | 4,900 | 4,900 | 105 | 514,500 | 10,497,598 | 51,438 |
| MAEX | 00008 | 1,750 | +0 | +0.00% | 1,750 | 1,750 | 1,700 | 9,211 | 15,704,250 | 23,804,946 | 41,659 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary


## Market summary

As of 26th Jul. 2023

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 361.32 | +2.52 | +0.70% | 359.58 | 363.46 | 359.58 | 10,393 | 19,229,800 | 8 | 681,523 |

**Index chart**




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 26th Jul. 2023

| Trading Volume | Trading Value |
|---|---|
| 20,393 (Shares) | 34,229,800 (MMK) |

### Main Board

As of 1:00 pm, 26th Jul. 2023

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 20,393 (Shares) | 34,229,800 (MMK) |

| MYANPIX | 361.32 ▲ 2.52 |
|---|---|
| Total Volume (shares) | 10,393 |
| Total Value (MMK) | 19 mil |
| Listed Company | 8 |
| Market Cap. (MMK) | 681,523 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,300 | ▲ 100 |
| MTSH | 00002 | 2,850 | ▼ 50 |
| MCB | 00003 | 7,400 | ▼ 200 |
| FPB | 00004 | 1,550 | ▲ 50 |
| TMH | 00005 | 2,400 | ▲ 0 |
| EFR | 00006 | 2,450 | ▲ 200 |
| AMATA | 00007 | 4,900 | ▲ 0 |
| MAEX | 00008 | 1,750 | ▲ 0 |